ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့

## ညွှန်ကြားချက်အမှတ်၊ ၁ /၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်

(၂၀၁၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီး ကာကွယ်ရေးဥပဒေ ပုဒ်မ-၄၇၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

### ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်များ လျှောက်ထားရန် ညွှန်ကြားချက်

၁။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၁၃ တွင် **"ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်နှင့်တကွ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်"** ဟုလည်းကောင်း၊ ပုဒ်မ ၂၀ တွင် **"လိုင်စင်ရရှိသူသည် မိမိလုပ်ငန်းတွင် အသုံးပြုမည့်လုပ်ငန်းနှင့်သက်ဆိုင်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ် ရေးအဖွဲ့သို့ လျှောက်ထားရမည်"** ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၂။ ထို့အပြင် အဆိုပါ ဥပဒေပုဒ်မ-၈၊ ပုဒ်မခွဲ(ည)တွင် **"ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်း(သို့မဟုတ်) ဆက်စပ်ပစ္စည်းများကို နိုင်ငံတွင်းမှ တစ်ဆင့် ဖြတ်သန်းကုန်သွယ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း(သို့မဟုတ်) ပြည်ပသို့ တင်ပို့ခြင်းကိစ္စအတွက် ထောက်ခံချက်ကို ထုတ်ပေးခြင်း(သို့မဟုတ်)ငြင်းပယ်ခြင်း ပြုလုပ်နိုင်သည်"**ဟု ပြဋ္ဌာန်းထားရှိသဖြင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအား ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်း များလုပ်ကိုင်လိုသူ လုပ်ငန်းရှင်များအနေဖြင့် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ထောက်ခံချက်ကို ရယူနိုင်ရန်အလို့ငှာ လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းကို ဦးစွာပြုလုပ်ရမည် ဖြစ်ပါသည်။

၃။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော်လည်း ဥပဒေပုဒ်မ-၇ပါ ပြဋ္ဌာန်းချက် များအရ ဗဟိုဦးစီးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ( ၁/၂၀၁၆ ) ဖြင့် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃၀

ရက်နေ့မှသာလျှင် ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ယင်းသို့ဖွဲ့စည်းရန် ဆောင်ရွက်နေစဉ်ကာလအတွင်း ဗဟိုကြီးကြပ်ရေးအဖွဲ့ကိုယ်စား စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအနေဖြင့် လုပ်ငန်းများအဆင်ပြေချောမွေ့စေရန်အလို့ငှာ လုပ်ငန်းလိုင်စင်နှင့်မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းမရှိသေးသော လုပ်ငန်းရှင်များအား ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းတို့အတွက် ထောက်ခံချက်များကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့မှစ၍ အခမဲ့ ထုတ်ပေးခဲ့ပါသည်။

၄။ ယခုအခါ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် မိမိတို့၏လုပ်ငန်းတာဝန်များကို ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေးကို ရည်ရွယ်လျက် လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ် မရှိသေးသောလုပ်ငန်းရှင်များသို့ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအား ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းဆိုင်ရာ ထောက်ခံချက်များကို ခွင့်ပြုထုတ်ပေးတော့မည်မဟုတ်သဖြင့် ထောက်ခံချက်ရယူလိုသူ လုပ်ငန်းရှင်များအနေဖြင့် ဤညွှန်ကြားချက် ထုတ်ပြန်သည့်နေ့မှစ၍ လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်တို့ကို ဥပဒေနှင့်အညီ လျှောက်ထားကြရမည်ဖြစ်ကြောင်း ညွှန်ကြားလိုက်သည်။

ကိုကိုလွင်
ဥက္ကဋ္ဌ
ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ
တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့

စာအမှတ်၊ ၁၅၀၁(၁)/စမရ(၄-ဉ)/၂၀၁၈( ၀၇၂)
ရက် စွဲ ၂၀၁၈ ခုနှစ်၊ ဧပြီ လ ၃၀ ရက်

**ဖြန့်ဝေခြင်း**

ဗဟိုဦးစီးအဖွဲ့ အဖွဲ့ဝင်များအားလုံး

ဗဟိုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များအားလုံး

ဥက္ကဋ္ဌ

----------------တိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်ရေးအဖွဲ့

အတွင်းရေးမှူး

----------------တိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်ရေးအဖွဲ့

(ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းရှင်များထံသို့ ဆက်လက် ဖြန့်ဝေပေးပါရန်)

မိတ္တူကို

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

စက်မှုဝန်ကြီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ရုံးလက်ခံ

မျှောစာတွဲ